# ကရင့်အရေးပေါ်ကူညီကယ်ဆယ်ရေးကော်မတီ

## လယ်ဒိုကော်ဆာ

နေ့စွဲ။ ။၁၆/၃/၂၀၂၄

**၂၀၂၄ခုနှစ်အတွင်းစစ်ကောင်စီမှလယ်ဒိုကော်ဆာအတွင်းလူ့အခွင့်အရေးချိုးဖောက်မှုအပေါ်ထုတ်ပြန်ချက်။**

(၁)မိမိတို့လယ်ဒိုကော်ဆာကရင့်အရေးပေါ်ကူညီကယ်ဆယ်ရေးကော်မတီသည် ပြည်သူလူထုနှင့်အတူရပ်တည်လျှက်ရှိပြီး ပြည်သူလူထု၏ စားဝတ်နေရေး၊ကျန်းမာရေး၊ပညာရေး၊စီးပွားရေးအစရှိသော လူမှုဘဝလုံခြုံမှုအား အလေးထားလုပ်ဆောင်နေပါသည်။

(၂)လက်ရှိတွင်မိမိတို့လယ်ဒိုကော်ဆာအတွင်းရှိကျေးရွာများအား နိုင်ငံတော်အာဏာအားမတရားသိမ်းယူ ထားသည့်စစ်ကော်စီတပ်မှ လူ့အခွင်းအရေး ချိုးဖောက်မှုများဖြစ်သော ကျေးရွာများအတွင်း လက်နက်ကြီးပစ်ချခြင်း၊စစ်သုံးတိုက်လေယာဉ်ဖြစ်ဗုံးကြဲတိုက်ခိုက်ခြင်း၊ဒရုန်းဖြင့်လက်နက်ကြီးချခြင်း၊အပြစ်မဲ့ပြည်သူများအားဖမ်းစီးခြင်း၊ ထောင်ချခြင်း၊ငွေညစ်ခြင်း၊ရိုက်နက်ခြင်း၊ပစ္စည်းဥစာများခိုးယူခြင်း၊နေအိမ်များမီးရှို့ခြင်း၊ပြည်သူများအားမတ ရားစစ်မှုထမ်းစေခိုင်းခြင်းစရှိသောလုပ်ရပ်များကိုနေ့စဉ်ရက်ဆက်လုပ်ဆောင်နေသည်ကိုတွေ့ရသည်။

(၃)၂၀၂၄ခုနှစ် ဇန်နဝါရီလ မှ မတ်လ ၁၅ရက်နေ့အတွင်းအာဏာသိမ်းအကြမ်းဖက်စစ်ကောင်စီတပ်၏ တောင်ပိုင်း တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှု အောက်ရှိ အမြောက်တပ်နှင့်ကြည်းတပ်လေတပ်များမှ ကျေးရွာအတွင်းသို့ လက်နက်ကြီးအလုံးရေစုစုပေါင်း(၆၀၈)လုံးနှင့်လေတပ်မှလည်းဗုံးသီး(၄)လုံးဖြင့် ဗုံးကြဲသည့်အပြင် အော်လီဂန်းဖြင့်လည်း(၄၃) ကြိမ်တိုင် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ ထိုပစ်ခတ်မှုကြောင့်အပစ်မဲ့ပြည်သူ စုစုပေါင်း(၄၁)ဦးထိခိုက်သည့်အပြင် အပြစ်မဲ့ပြည်သူ(၁၃)ဦးသေဆုံးခဲ့ပြီးလူနေအိမ်စုစုပေါင်း(၅၄)လုံးထိခိုက်ပျက်စီးပြီးသံဃာဆေးရုံ(၁)လုံး ပြည်သူ့ဆေးခန်း(၁)လုံးပြည်သူပိုင်ကား(၁)စီးဆိုင်ကယ်(၁)စီး ထိခိုက်ပျက်စီးသည့် အပြင်အိမ်မွေးတိရိစ္ဆာန်များ ဖြစ်သောနွား(၁၆)ကောင်ထိ မှန်သေဆုံးခဲ့သည်။

(၄)အာဏာသိမ်းအကြမ်းဖက်စစ်ကောင်စီတပ်၏ အကြမ်းဖက်လုပ်ရပ်များကြောင့် အပြစ်မဲ့ပြည်သူလူထု မှ လူမှုဘဝလုံခြုံမှုကင်းမဲ့စွာအသက်ရှင်နေထိုင်ရပ်တည်နေရပါသည်။သို့ဖြစ်ပါ၍မိမိတို့လယ်ဒိုကော်ဆာအရေးပေါ်ကူညီကယ်ဆယ်ရေး ကော်မတီမှ သက်ဆိုင်သည့်လူအဖွဲ့အစည်းများနှင့်လူပုဂ္ဂိုလ်များအားအောက်ပါအချက်များအတိုင်းတောင်းဆိုအပ်ပါသည်။

(က)ပြည်သူလူထုအပေါ်ပစ်မှတ်ထားအကြမ်းဖက်တိုက်ခိုက်နေသောအကြမ်းဖက်အာဏာသိမ်းတပ်နှင့်၎င်းအကြမ်းဖက်မှုကိုအားပေးအားမြှောက်ပြုနေသောမည်သည့်အဖွဲ့အစည်းလူပုဂ္ဂိုလ်များအား ပြင်းထန်စွာရှုံ့ချပြီး အကြမ်းဖက်မှုများကို ကျူးလွန်ခြင်း အားပေးလှုံ့ဆော်နေခြင်းများကို ရပ်တန့်ရန်တောင်းဆိုပါသည်။

(ခ)အကြမ်းဖက်လုပ်ရပ်များ တိုက်ရိုက်ခံစားနေရသော ပြည်သူလူထုများနှင့်စစ်ရှောင်ပြည်သူလူထုများ၏ လုံခြုံရေးနှင့်စားဝတ်နေရေး၊ကျန်းမာရေး၊ပညာရေးအစရှိသောလိုအပ်နေမှုများကို လူသားခြင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးအပ်ရန် နိုင်ငံတကာအဖွဲ့အစည်းများအားတောင်းဆိုပါသည်။

(ဂ)ပြည်တွင်းပြည်ပမှရှိသော တိုင်းရင်းသားပြည်သူလူထုများမှ ပြည်သူလူထုများကိုယ်စားပြုသည့် အရပ်ဖက်အဖွဲ့အစည်းအများ၊တော်လှန်ရေးအဖွဲ့အစည်းအများ၊နိုင်ငံတကာအစိုးရများနိုင်ငံတကာလူအခွင့်အရေးဆိုင်ရာအဖွဲ့အစည်းအများ ဤကဲ့သို့စစ်ကောင်စီတပ်မှ ပြည်သူလူထုအပေါ်ပစ်မှတ်ထား အကြမ်းဖက်တိုက်ခိုက်မှုများချက်ချင်းရပ်တန့်ပြီးပြန်လည်ရုပ်သိမ်းရန်အတွက် ပို၍ထိရောက်သောအရေးယူမှုများပြုလုပ်ရန်တောင်းဆိုပါသည်။

(ဃ)မိမိတို့လယ်ဒိုကော်ဆာကရင့်အရေးပေါ်ကူညီကယ်ဆယ်ရေးကော်မတီသည် မိမိပြည် သူလူထုများနှင့်အတူတကွ ရပ်တည်ပြီး၎င်း၏လိုအပ်ချက်များအား မိမိတို့တတ်စွမ်းသ၍ ပူးပေါင်းကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

ကရင့်အရေးပေါ်ကူညီကယ်ဆယ်ရေးကော်မတီ

လယ်ဒိုကော်ဆာ


ဆက်သွယ်ရန်-

(၁)+၉၅၉၈၈၉၀၅၀၇၄၄